ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့
(၂၁. ၉. ၂၀၁၆)ရက်နေ့တွင် ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
ဦးအန်းဂျေလို တင်သွင်းသည့် အဆိုဆိုင်ရာဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ဦးအန်းဂျေလို၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **"ဖယ်ခုံမြို့နယ်၊ မိုးဗြဲ ကျေးရွာအုပ်စု၊ မိုးဗြဲကျေးရွာသည် လက်ရှိ အခြေအနေ တွင် အိမ်ခြေနှင့် လူဦးရေများပြားလာသည့်အတွက် ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးပါရန်"** အဆိုကို လွှတ်တော်သို့ ပေးပို့လာပါတယ်။ ယခု အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးအန်းဂျေလို၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်သည် ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအန်းဂျေလို ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယအကြိမ်တတိယပုံမှန် အစည်းအဝေးတွင် ကျွန်တော့်အနေဖြင့် မိုးဗြဲပြည်သူများအားလုံး ကိုယ်စား ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စုမှ ဖယ်ခုံမြို့နယ် ၊ မိုးဗြဲမြို့အဆင့်သို့ တိုးမြှင့် သတ်မှတ်အတည်ပြုနိုင်ရန် ရှမ်းပြည်နယ်လွှတ်တော်သို့ အဆိုတစ်ရပ်ကို တင်သွင်းသွားပါမယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုးဗြဲကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း (၄၂)ရွာဖြင့် အိမ်ခြေ(၅၁၅၇)အိမ်ရှိပြီး လူဦးရေ စုစုပေါင်း(၂၆၆၈၇)ဦး ရှိပါသည်။ ကျေးရွာ(၄၂)ရွာအနက် (၁၄)ရွာကို မြို့ပေါ်(၁၄)ရပ်ကွက်အဖြစ် သတ်မှတ်ခေါ်ဆိုထားပါသည်။ ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စုအဖြစ် သတ်မှတ်ထားပါသော်လည်း မိုးဗြဲသည် သမိုင်းစဉ်လာအရသော် လည်းကောင်း၊လက်ရှိအခြေအနေအရသော်လည်းကောင်း မြို့တစ်မြို့ ဖြစ်သင့်ကြောင်း မိုးဗြဲပြည်သူများဆန္ဒပြုကြပါသည်။

မိုးဗြဲသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ(၁၉၀၇)ရှိပြီး ဧရိယာ အကျယ်အဝန်းမှာ (၂၄၀၀)ဧက ရှိပါသည်။ နောက်ခံသမိုင်းတင်ပြရလျှင် မိုးဗြဲသည် လွန်ခဲ့သော နှစ်ပေါင်း (၅၀၀)ခန့်က ပဒေသရာဇ်စော်ဘွားများနှင့် စော်ဘွား မင်းဆက် နှစ်ဆက် အုပ်ချုပ်ခဲ့သည့် သီးခြားလွတ်လပ်သောနယ်မြေဖြစ်ပြီး ၁၉၅၈ ခုနှစ် နောက်ပိုင်းတွင် မိုးဗြဲအုပ်ချုပ်ရေးသည် ရှမ်းပြည်နယ် အစိုးရ လက်အောက်သို့ သွတ်သွင်းရောက်ရှိခဲ့ပါသည်။ ရုံးနှင့်အခြားအဖွဲ့အစည်းများ တည်ရှိမှုအရ မိုးဗြဲသည်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး တစ်ရုံးရှိပြီး မြန်မာနိုင်ငံရဲ့စခန်းနှင့် ကယားအမျိုးသားကာကွယ်ရေး တပ်ရုံးလည်းရှိပါသည်။ အများပိုင်နေရာတွင် အိတ်ချိန်းရုံးမြေနေရာ၊ အရန်မီးသတ်ရုံးမြေနေရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး မြေနေရာနှင့်မြို့ခန်းမဆောင်မြေနေရာ နေရာထားရှိခြင်းရှိပါသည်။ အားကစားကွင်းနှင့်ပတ်သက်ပြီး မိုးဗြဲသည် ရပ်ကွက်၊ ကျေးရွာအလိုက် ဘောလုံးအားကစားကွင်း ရှိကြပြီး အုပ်စုပိုင် အားကစားကွင်းတစ်ကွင်း သီးသန့်ရှိပါသည်။ နိုင်ငံရေးပါတီများ အနေဖြင့်မိုးဗြဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ကယန်းအမျိုးသားပါတီစသည့် နိုင်ငံရေးပါတီများက တက်ကြွစွာစည်းလုံးလှုပ်ရှားကြပါသည်။ မိုးဗြဲ၏ အဓိကဆက်သွယ်ရေးလမ်းများမှာ ကတ္တရာလမ်းများ ဖြစ်ကြသည့် မိုးဗြဲ-လွိုင်ကော်ကားလမ်း၊ မိုးဗြဲ-ဖယ်ခုံ- တောင်ကြီးကားလမ်း၊ မိုးဗြဲ-ဒီမောဆိုမြို့ ကားလမ်းနှင့် မိုးဗြဲ-ပီကင်းကား လမ်းစသည့်ဆက်သွယ်ရေးအချက်အချာကြသည့် နေရာတွင်တည်ရှိပြီး လွိုင်ကော်-အောင်ပန်းသွား မီးရထား ဘူတာရုံလည်းရှိပါသည်။

မိုးဗြဲတွင် မြို့အဖြစ်သတ်မှတ်နိုင်သည့် ၁၄ ရပ်ကွက်နှင့် တစ်ဆက် တစ်စပ်တည်း တည်ရှိသောကျေးရွာ(၈)ရွာ၏ ပညာရေးသည်အထက်တန်းကျောင်း (၁)ကျောင်း၊ အထက်တန်းခွဲကျောင်း(၁)ကျောင်း၊ အလယ်တန်းကျောင်း(၁)ကျောင်း၊ မူလတန်းကျောင်း(၁၇)ကျောင်းရှိကြပြီး မြို့တစ်မြို့၏ အင်္ဂါရပ်များနှင့်အညီ ရှိပါသည်။

ကျန်းမာရေးကဏ္ဍတွင် တိုက်နယ် ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ စားသောက်ဆိုင်များ၊ ဆန်စက်များ၊ ဝပ်ရှော့များ၊ စည်ပင်သာယာ ဈေးရှိကြပြီး မြို့နယ် စည်ပင်သာယာရေးဌာနသို့ နှစ်စဉ် အကောက် အခွန်ငွေကျပ်သိန်း (၅၀၀)ကျော်ပေးသွင်းခဲ့ရသည်။ မိုးဖြူတွင်နေထိုင်သည့် တိုင်းရင်းသား လူမျိုးများမှာ ရှမ်း၊ အင်းသား၊ ပအိုဝ်း၊ ဗမာ၊ ကယား၊ ကရင်နှင့် ကယန်းဖြစ်ကြပြီး ယခုလက်ရှိတွင် လူဦးရေ အများအပြားစည်ကား လာပြီဖြစ်တဲ့အတွက် မိုးဖြူသည် ဖယ်ခုံမြို့နယ်၊ မိုးဖြူကျေးရွာအုပ်စုမှ ဖယ်ခုံမြို့နယ်၊ မိုးဖြူမြို့အဆင့်သို့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ အတည်ပြုပေးပါရန် လေးစားစွာအဆို တင်သွင်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါဝရပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင်၊မဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း ဖြစ်ပါတယ်။ ဦးအန်းဂျေလို၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **"ဖယ်ခုံမြို့နယ်၊ မိုးဖြူကျေးရွာ အုပ်စု၊ မိုးဖြူကျေးရွာသည် လက်ရှိ အခြေအနေတွင် အိမ်ခြေနှင့် လူဦးရေများပြားလာသည့်အတွက် ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးပါရန် "** အဆိုကို ထောက်ခံအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ဦးအန်းဂျေလိုတင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံ သွားပါတယ်။ အဆိုမှာ **"ဖယ်ခုံမြို့နယ်၊ မိုးဖြူကျေးရွာအုပ်စု၊ မိုးဖြူကျေးရွာသည်လက်ရှိ အခြေအနေတွင် အိမ်ခြေနှင့် လူဦးရေများပြားလာသည့်အတွက် ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးပါရန်၊ ပြောင်းလဲတိုးချဲ့သတ်မှတ်ပေးရန်"** ဆိုတဲ့ အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါ သလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကိုလက်ခံ ဆွေးနွေးရန် သဘောမတူသည့်ကိုယ်စားလှယ်မရှိသည့်အတွက် ဦးအန်းဂျေလို၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်းကြေညာပါတယ်။

ဖယ်ခုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအန်းဂျေလို တင်သွင်းတဲ့ အဆိုကို ၂၀၁၆ခုနှစ် စက်တင်ဘာလ ၂၂ရက်နေ့ (ကြာသပတေးနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့်လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည် စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့
(၂၂. ၉. ၂၀၁၆)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဒုတိယဥက္ကဋ္ဌ**။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးအန်းဂျေလို ၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ဖယ်ခုံမြို့နယ်၊ မိုးဖြဲကျေးရွာအုပ်စု၊ မိုးဖြဲကျေးရွာသည် လက်ရှိ အခြေအနေတွင် အိမ်ခြေနှင့် လူဦးရေများပြားလာသည့်အတွက် ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန်"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးဖို့အမည်စာရင်းပေးသွင်းထားပါတယ်။ ပထမဦးစွာ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေရီရှို့ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မေရီရှို့၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေရီရှို့ဖြစ်ပါတယ်။ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအန်းဂျေလို၏ **"ဖယ်ခုံမြို့နယ်၊ မိုးဖြဲကျေးရွာအုပ်စု၊ မိုးဖြဲကျေးရွာသည် လက်ရှိ အခြေအနေတွင် အိမ်ခြေနှင့် လူဦးရေ များပြားလာသည့်အတွက် ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့် သတ်မှတ် ပေးရန်"** အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

မိုးဖြဲကျေးရွာသည် အိမ်ခြေ ၃၄၃၃ အိမ်၊ လူဦးရေ ၁၆၇၄၇ ဦးရှိပြီး ရပ်ကွက် ၁၄ ရပ်ကွက်ရှိပါတယ်။ ဧရိယာအကျယ်အဝန်းမှာ ၂၄၀၀ ဧကရှိပါတယ်။ ဌာနဆိုင်ရာများမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၄၂၂ တပ်ရင်း၊ အထကကျောင်း၊ ဆေးရုံ၊ စာတိုက်၊ လျှပ်စစ်ဌာနနှင့် စည်ပင်ဈေးတို့ရှိကြပြီး မြို့နယ်စည်ပင်သာယာရေးဌာနမှ နှစ်စဉ် အကောက်အခွန် ငွေကျပ်သိန်း ၅၀၀ ကျော်ရရှိပါတယ်။ မိုးဖြဲကျေးရွာသည် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့၏ နယ်စပ် ကျေးရွာဖြစ်သည့်အပြင် လွိုင်ကော်-အောင်ပန်း ပြည်ထောင်စုလမ်းပေါ် တည်ရှိပြီး စီးပွားရေးအချက်အချာကျသောဒေသ ဖြစ်သောကြောင့်လည်းကောင်း၊ မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ်ခဲ့ပါက မြို့သန့်ရှင်းရေးအတွက် အမှိုက်စွန့်ပစ်ရန် မြေဧရိယာ လုံလောက်စွာရှိနေခြင်းကြောင့် လည်းကောင်း၊ မြန်မာနိုင်ငံ၏ အဓိကအားထားရသော လောပိတရေအားလျှပ်စစ် ထုတ်လုပ်ပေးရာ မိုးဖြဲဆည်သည် ၎င်းဒေသတွင် တည်ရှိနေခြင်းကြောင့် လည်းကောင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဖြဲကျေးရွာကို မိုးဖြဲမြို့အဖြစ် တိုးချဲ့ဖွဲ့စည်းပေးနိုင်ပါရန် လေးလေးနက်နက် ထောက်ခံဆွေးနွေး အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ဆက်လက်ပြီး မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံး ချမ်းမြေ့ကြပါစေရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီဝင်း ဖြစ်ပါတယ်။ ကျွန်မအနေဖြင့် ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအန်းဂျေလို၏ **"ဖယ်ခုံမြို့နယ်၊ မိုးဖြဲကျေးရွာအုပ်စု၊ မိုးဖြဲကျေးရွာကို မိုးဖြဲ မြို့အဆင့်သို့ တိုးမြှင့် သတ်မှတ်အတည်ပြုနိုင်ရန် "** အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင်။ မိုးဖြဲသည် ရှေးယခင်က ရှမ်းစော်ဘွားများ အစဉ်အဆက်နေထိုင် အုပ်ချုပ်ခဲ့သော သမိုင်းဝင်မြို့ တစ်မြို့ဖြစ်ခဲ့ကြောင်း လေ့လာတွေ့ရှိ ရပါတယ်။ ယခုအချိန်တွင်

လည်း တိုးပွားလာသော လူဦးရေနှင့် အညီ မြို့အင်္ဂါရပ်များဖြစ်ကြသည့် အပန်းဖြေစရာ ဥယျာဉ်၊ အားကစားကွင်း၊ ဈေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ဆေးရုံ၊ ပညာသင်ကြားနိုင်သော စာသင်ကျောင်း၊ ဘာသာရေး အဆောက်အအုံများနှင့် ဘူတာရုံ အပါအဝင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်သော အခွင့်အလမ်းများစွာရှိသည့် တိုးတက်ဖွံ့ဖြိုးနိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။

ထို့အပြင် မိုးဗြဲကို မြို့အဖြစ် တိုးမြှင့် ဖွဲ့စည်းပေးနိုင်ရေးတွင်လည်း မိုးဗြဲ၏ဧရိယာထဲတွင် လက်ရှိ (၁၄)ရပ်ကွက်အပြင် တစ်ဆက်တစ်စပ်တည်း ရွာ ၈ ရွာရှိနေသောဒေသတစ်ခု ဖြစ်ကြောင်းကိုလည်း ဆက်လက်တွေ့ရှိရပါတယ်ရှင်။ သို့ပါ၍ ရေကန်အသင့် ကြာအသင့် ဆိုသော စကားရပ်နှင့်အညီ မိုးဗြဲကို မြို့ပြအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အသင့်အနေအထား ဖြစ်နေပြီးဖြစ်ပါသောကြောင့် မိုးဗြဲကျေးရွာမှ မိုးဗြဲမြို့အဖြစ်သို့ တိုးမြှင့် ဖွဲ့စည်းပေးနိုင်ရေးဟူသော အဆိုကိုထောက်ခံဆွေးနွေးလိုက်ရပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အဆိုနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ရှင်းလင်းဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအန်းဂျေလိုမှ အဆိုတင်သွင်းသည့် **"ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စု၊ မိုးဗြဲကျေးရွာအား ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်ပေးရေး"** တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံဥပဒေပုဒ်မ ၅၄ အရ တိုင်းဒေသကြီး/ ပြည်နယ်၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန် ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန်ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံထောက်ခံ တင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည် ဟု ပြဋ္ဌာန်းထားပါသည်။

မြို့/ရွာပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်မှ နိုင်ငံတော်သမ္မတထံ ထောက်ခံ တင်ပြနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်မှ မြို့/ရွာပြင်ဆင် ဖွဲ့စည်းရေး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီအမှုတွဲ တည်ဆောက်တင်ပြရမည် ဖြစ်ပါသည်။

အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ လက်စွဲဥပဒေအရ မြို့အဖြစ်အဆင့် တိုးမြှင့်ဖွဲ့စည်းမည် ဆိုပါက အောက်ပါအချက်အလက်များပါဝင်ရပါမည်-

(က) လူဦးရေအနည်းဆုံး ၅၀၀၀ ဦး၊ အိမ်ခြေ အနည်းဆုံး ၁၀၀၀ ရှိရပါမည်။

(ခ) ဈေး၊ ဘောလုံးကွင်း၊ ကလေးများအပန်းဖြေရန် ဥယျာဉ်/ကစားကွင်း၊ ၁၆ ခုတင်ဆံ့ဆေးရုံ၊ ဘာသာရေးဆိုင်ရာနေရာများ၊ ကုန်ထုတ်လုပ်မှု ဆိုင်ရာနေရာများ။(စက်ရုံ၊ အလုပ်ရုံ၊ ဆန်စက်၊ ဆီစက်၊ သစ်ခွဲစက်စသည့်)

(ဂ) ကျေးရွာဘုံမြေ၊ကျေးရွာထင်းစိုက်ခင်း၊ အုပ်ချုပ်ရေးရုံးနှင့် စာကြည့်တိုက်၊ အခြေခံပညာ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ လျှပ်စစ်မီးရရှိမှု၊ ဆက်သွယ်ရေးအိတ်ချိန်းရုံး၊ စာတိုက်။

(ဃ) ပဆငလမ်း၊ စည်ပင်လမ်း(ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ ဂဝံလမ်း)၊ သောက်သုံးရေဖြန့်ဝေမှု၊ တိုးတက်လာမည့် လူဦးရေအတွက် မြို့ တိုးချဲ့ရေးအစီအမံ။

( င) ကုန်စည်ဒိုင်၊ လက်ကားဒိုင်၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်များ စနစ်တကျ နေရာချထားမှု။

( စ) တိရစ္ဆာန်များထိန်းကျောင်းမှုအခြေအနေ၊ အမှိုက်စွန့် ပစ်ရန် မြေနေရာ၊ မိလ္လာစွန့်ပစ်ရန် မြေနေရာ။

(ဆ) သင်္ချိုင်းမြေနေရာ။

ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စု၊ မိုးဗြဲကျေးရွာအား မြို့အဖြစ် အဆင့်တိုးမြှင့် ဖွဲ့စည်းလိုသည့်ကိစ္စနှင့်စပ်လျဥ်း၍ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) မိုးဗြဲကျေးရွာအုပ်စုသည် ပြည်ထဲရေးအမည်ပေါက် ကျေးရွာ ၃၆ ရွာဖြင့် ဖွဲ့စည်းထားရာ ကျေးရွာ ပျက်များဖြစ်ပေါ်ခဲ့သဖြင့် လက်ရှိမြေပြင်တွင် ကျေးရွာ ၂၉ ရွာရှိပြီး မိုးဗြဲကျေးရွာတွင် အိမ်ခြေ ၂၆၄၀ အိမ်၊ အိမ်ထောင်စု ၂၅၈၆ စု၊ လူဦးရေ စုစုပေါင်း ၁၂၄၇၇ ဦး ရှိပါသည်။

( ခ) မိုးဗြဲကျေးရွာအုပ်စုသည် လမ်းပန်းဆက်သွယ်ရေးအရ မော်တော်ကားလမ်းအနေဖြင့် မိုးဗြဲ - လွိုင်ကော် လမ်း၊ မိုးဗြဲ - ဖယ်ခုံလမ်းနှင့် မိုးဗြဲ - ဒီမောဆိုလမ်း တို့သည် ကတ္တရာလမ်းဖြစ်ပြီး မိုးဗြဲ-ပီကင်းလမ်းသည် ကတ္တရာ၊ ကျောက်ချော လမ်းဖြစ်၍လည်းကောင်း၊ မီးရထားလမ်းအနေဖြင့် လွိုင်ကော်၊ ဖယ်ခုံ၊ အောင်ပန်းသို့ ဖြတ်သန်း သွားလာလျက်ရှိပြီး မိုးဗြဲဘူတာရုံရှိသဖြင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ လွယ်ကူလျင်မြန်စွာသွားလာနိုင်ပါသည်။ မိုးဗြဲကျေးရွာမှ မိုးဗြဲဆည်အထိ ၁ မိုင်ခွဲခန့်၊ လောပိတရေအားလျှပ်စစ်စက်ရုံအထိ ၂၆ မိုင်ကွာဝေးပြီး ကယားပြည်နယ်၊ လွိုင်ကော် မြို့နှင့် ၁၄ မိုင်သာကွာဝေးသဖြင့် မိုးဗြဲ-ပီကင်း-လအိ-လတိန်မှတစ်ဆင့် ပင်လောင်းမြို့နယ်သို့ လည်းကောင်း၊ မိုးဗြဲ-ပီကင်း-ဖာလိုင်-ဒီမောဆို-သံတောင်-တောင်ငူလမ်းများသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်သည့် လမ်းဆုံကျေးရွာဖြစ်ခြင်း။

( ဂ) အုပ်ချုပ်ရေး၊ လုံခြုံရေးအနေဖြင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ နယ်မြေရဲစခန်းနှင့် တပ်ရင်း၊ တပ်ဖွဲ့များတည်ရှိသဖြင့် တရားဥပဒေစိုးမိုးမှုရှိပြီး နယ်မြေအေးချမ်းသာယာခြင်း။

(ဃ) မိုးဗြဲကျေးရွာတွင် အခြေခံပညာအထက်တန်း ကျောင်း ၁ ကျောင်း၊ အခြေခံပညာအလယ်တန်း ကျောင်း ၁ ကျောင်း၊ အခြေခံပညာမူလတန်း ကျောင်း ၁၂ ကျောင်း၊ တိုက်နယ်ဆေးရုံ ၁ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁ ခုတို့ရှိသဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုရှိခြင်း။

( င) မိုးဗြဲကျေးရွာတွင် မိုးဗြဲဆည်တည်ရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်လျက်ရှိခြင်း။

အထက်ပါအချက်အလက်များရ မိုးဗြဲကျေးရွာသည် မြို့အသွင် ဖွံ့ဖြိုးတိုးတက်နေပြီး မြို့အင်္ဂါရပ်နှင့် ညီညွတ်နေသည်ကို စိစစ်တွေ့ရှိရပြီး မြို့အဖြစ် ဖွဲ့စည်းမည်ဆိုပါက အောက်ပါအကျိုး ကျေးဇူးများ ရရှိလာမည် ဖြစ်ပါသည်-

(က) ကယားပြည်နယ်နှင့် ဆက်စပ်နေသည့် အဓိက ဝင်ထွက်သွားလာရာ နယ်စပ်မြို့ဖြစ်လာမည် ဖြစ်ပါသဖြင့် အနီး ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ တိုင်းရင်းသားတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုး တိုးတက်မှုကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်မည်ဖြစ် ပါသည်။

(ခ) မြို့အဖြစ်ဖွဲ့စည်း၍ တိုးတက်လာမည့်ဌာနများ အလိုက် ဒေသခံလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာနိုင်ပြီး ဌာန ဆိုင်ရာ များနှင့် ပေါင်းစပ်ဆောင်ရွက်ရသော လုပ်ငန်းများ လျင်မြန်လွယ်ကူနိုင်ပါသည်။

(ဂ) မြို့အဖြစ် ဖွဲ့စည်းခြင်းဖြင့် သတင်းအချက်အလက် များ အချိန်နှင့်တစ်ပြေးညီရရှိခြင်းကြောင့် ဒေသဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

(ဃ) ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး ဒေသထွက်ကုန်များကို ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ တစ်ဆင့် ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့ ကုန်သွယ်ရေးတံတားအထိ ပို့ဆောင်နိုင်သဖြင့် နယ်စပ်ကုန်သွယ်ရေးအတွက် အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ မိုးဗြဲကျေးရွာအုပ်စု၊ မိုးဗြဲကျေးရွာအား မိုးဗြဲမြို့အဖြစ်အဆင့် တိုးမြှင့်ဖွဲ့စည်းလိုပါက မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေး၍ ၎င်းတို့၏ သဘောထားမှတ်ချက်များ၊ ဒေသခံများ၏ သဘောထားတို့နှင့် အတူ မြို့/ရွာပြင်ဆင်ဖွဲ့စည်းရေး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် နှင့်အညီ သက်ဆိုင်ရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အမှုတွဲပြည့်စုံစွာတည်ဆောက်ပြီး ခရိုင်/ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ အဆင့်ဆင့်တင်ပြ ဆောင်ရွက်ရပါမည်။

ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့/ရွာ ပြင်ဆင်ဖွဲ့စည်းရေးအမှုတွဲ လက်ခံရရှိပါက လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်၍ ပြည်နယ်အစိုးရအဖွဲ့သို့ အမှုတွဲ နှင့်အတူတင်ပြပြီး ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံချက်အစည်းအဝေးမှတ်တမ်း၊ အမှုတွဲနှင့်အတူ နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်အဆိုပြု တင်ပြသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စု၊ မိုးဗြဲ ကျေးရွာအား မြို့အဖြစ်အဆင့် တိုးမြှင့်ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ မြို့/ရွာတိုးချဲ့ပြင်ဆင်ဖွဲ့စည်းရေး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာ၊ မြေပုံများနှင့်အတူအမှုတွဲ တည်ဆောက်တင်ပြလာပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက် အဆိုပြုတင်ပြပေးသွားမည်ဖြစ်ပါကြောင်းနှင့် အဆိုအား ထောက်ခံဆွေးနွေးပါသောကြောင့် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအန်းဂျေလို၏ **“ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စု၊ မိုးဗြဲကျေးရွာသည် လက်ရှိ အခြေအနေတွင် အိမ်ခြေနှင့် လူဦးရေ များပြား လာသည့် အတွက် ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့် သတ်မှတ် ပေးရန်”** အဆိုနှင့် စပ်လျဉ်းပြီး အတည်ပြုမပြုဆုံးဖြတ်နိုင်ရန် လွှတ်တော်ရဲ့ သဘောတူညီချက်ရယူမှာဖြစ်ပါတယ်။ အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်မှ သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင် မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်မှ သဘောတူတဲ့အတွက် ဤအဆိုအား အတည်ပြုကြောင်း ကြေညာပါတယ်။